# အက်ကြောင်းတစ်ခုအကြောင်း

## သူဝေး



# နိဒါန်း

သစ်ပင်ခြေရင်းတွင် ဖိနပ်ငယ်တစ်ရန်ရှိနေသည် ။ တစ်ဖက်က မှောက်လျက်။ တစ်ဖက်က ကန့်လန့်ထောင်လျက်။ နောက်...သစ်ပင်၏ အပေါ်သို့။

ပေလေးငါးဆယ်ရှည်သော သစ်ပင်၏ ဟိုးထိပ်ပိုင်းတွင် ကလေးတစ်ယောက်ကို တွေ့ရမည် တင်ပါးက ပင်စည်မှ ဖြာထွက်နေသောသစ်ကိုင်းလက်တက်တစ်ခုမှာ ထိုင်ထားသည် ။ လက်တစ်ဖက်က သစ်ပင်ပင်စည်ကိုသိုင်းဖက်ထားသည် ။ ကျန်လက်တစ်ဖက်ကိုတော့ မျက်လုံး ရှေ့တွင် မှန်ပြောင်း အဝိုင်းလေးလုပ်ကာ အဝေးသို့ လှမ်းကြည့်နေသည် ။

တစ်စုံတစ်ရာကို မျှော်နေဟန်ရှိသည် ။ မျှော်နေသည့်အရာကို တွေ့ရသေးပုံမပေါ်။ ပါးနှစ်ဖက်ဖောင်းကာကလေးလေး ဆူပုတ်ပုတ်ဖြစ်နေသည် ။ ဘောင်းဘီတိုပေါ် တရွေ့ရွေ့တွား၍ ပိုးကောင်ပြည့်ပြည့်ဂဂ တစ်ကောင်တက်လာသည် ။ ကလေးလေး စိတ်တိုတိုနဲ့ ပိုးကောင်ကို လက်နှင့် တောက်ထုတ်ပစ်လိုက်သည် ။ ပိုးကောင် ဂဂရှည်ရှည်ကြီး လေထဲမြောက် တက်ကာ တခြားသစ်ပင်ပေါ်က သစ်ရွက်ကြီးတစ်ရွက်ပေါ် ကျသွားသည် ။ ကျကျချင်းပဲ ပိုးကောင်က အဝိုင်း ပုံစံဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ခွေပစ်လိုက်သည် ။

ကလေးလေးမျက်နှာကို ပြန်မော့ကာ ခုနကလို မျှော်ပြန်သည် ။ အဝေးကို စိုက်စိုက်ကြည့် နေသည် ။ ဒီတစ်ခါတော့ ကလေးလေးပြုံးလာပါ

ပြီ။

" လာပြီကွ..."

သူ့ ဘာသာသူ တီးတိုးရေရွတ်လိုက်သေးသည် ။

ပြီးနောက်...ချက်ချင်းပဲ သစ်ပင်ပေါ်က ဆင်းတော့သည် ။ သစ်ပင် ပင်စည်ကို သိုင်းဖက်ကာ လျှောဆင်းသည် ။ ဘုတ်ခနဲ တင်ပါးနှင့်ကျသည် ။ ဖုန်တွေ၊ သဲတွေခါ၊ ဖိနပ်မြန်မြန်စီးပြီး ပြေးတော့ သည် ။

"ကလေးလေးသူ့အိမ်သူ အပြေးပြန်နေခြင်းဖြစ်သည် ။ မေမေ နှင့် ဖေဖေက တောင်ပေါ် မသွားခင် သေချာမှာ ခဲ့သည် ။

"အိမ်ထဲက အိမ်အပြင် မထွက်နဲ့ ၊ မေမေတို့ တောင် မလွှဲသာလို့ သွားရမှာ ။ အခုအချိန်က သိပ်အန္တရာယ်များ နေတာ...သားရဲ့ "

အခုကလေးလေးက အိမ်ထဲမှာ အငြိမ်မနေဘဲ အပြင်ထွက်မျှော်နေသည် ။ သူ အပြင်ထွက် တာကို သိလျှင် အဖေနှင့်အမေက ဆူလိမ့်မည်။ ထို့ကြောင့် ဖေဖေနှင့်မေမေထက်ဦးအောင် ကလေးလေး အိမ်သို့ ပြန်နေခြင်းဖြစ်သည်း

ကလေးတို့ အိမ်က ရွာထဲတွင် ရှိသည် မဟုတ်။ ရွာအပြင် နည်းနည်း လှမ်းသည့် နေရာတွင် ဖြစ်သည် ။ ကလေးလေး အိမ်ဆီ ရောက်ရောက်ချင်း ဖိနပ်ကို တံခါးနောက်သို့ သွားပုက် လိုက်သည် ။ ပြီးလျှင် ခုတင်အောက်ထဲ မြန်မြန်တွားသွားဝင်လိုက်သည် ။ ပြီးလျှင်... ထင်းရှူး သေတ္တာ အဟောင်းကြီး တစ်လုံး၏ အနောက်သို့ ပြေးဝင်လိုက်သည် ။

ဖေဖေနှင့် မေမေပြန်လာလျှင် သူ့ကို တန်းမတွေ့ရသဖြင့် စိုးရိမ်သွားအောင် ကျီစယ်ဖို့ ဖြစ်သည် ။ ထင်းရှူးသေတ္တာအဟောင်းကြီး၏ အနောက်မှ အိမ်တံခါးဝဆီ မျက်လုံးလေးသာ ဖော်၍ လှမ်းစောင့်ကြည့် နေလို

က်သည္ ။

ရှဉ့်တစ်ကောင်က သစ်သီးတစ်လုံးကို ကုန်စင်အောင်စားပြီးလောက်သည့်အခန်မှ အဖေနှင့်အမေ ရောက်လာခဲ့ပပြီ။ ဖေဖေနှင့် မေမေ၏ ခြေထောက်တွေကို ခုတင်အောက်ကနေ မြင်ရသည် ။ အသံတွေလည်းကြားရသည် ။ တံခါးဝတွင် ချလိုက်သော ဖေဖေ့ကြိမ်ပလိုင်းကြီးကို လည်း မြင်ရသည် ။

"ဖိုးခွားတော့ ဘယ်သွားကစားပြန်ပြီလည်း မသိဘူး။ သေသေချာချာ မှာ ထားလျက်နဲ့ "

"ငါ သွားရှာလိုက်မယ်ကွာ"

မေ မေ ၏ စိတ်ပူသံကို အရင်ကြားရသည် ။ ဖေဖေက ပြန်နှစ်သိမ့်ရင်း သူ့ကို အရှာထွက်ဖို့ အိမ်အပေါက်ဝသို့ ခြေဦးပြန်လှည့်လိုက်သည် ကို ကလေးလေး တွေ့ရသည် ။ ကလေးလေး ပြုံးသွားသည် ။ အခုမှ တောင်ပေါ်က ချွေးစီးကြောင်းအသွယ်သွယ်နှင့် ပြန်လာသော ဖေဖေ့ကို သူ့ကြောင့် ထပ်မမော်စေချင်ပါ။ ထို့ကြောင့် ကလေးလေး ပုန်းနေရာမှ ထွက်ခဲ့ဖို့ ပြင်လိုက်သည် ။ ထင်းရှူးသေတ္တာအနောက်မှ ထါက်ကာ ခုတင်အောက်မှ မြန်မြန်တွားသွားထွက်ခဲ့ဖို့ ပြင်ချိန်…

အိမ်တံခါးဝသို့ ခြေထောက်သုံးစုံ ရောက်လာသည် ။ ခြေထောက်တွေကို မြင်ရုံနှင့် သူစိမ်းတစ်ရုံတို့ ၏ ခြေထောက်တွေမှန်း သိလိုက်သည် ။ ခြေထောက်သုံးစုံစလုံး အစိမ်းရောင် ခပ်လွှင့်ပြယ်ပြယ်ဖြစ်နေသော တောစီးဖိနပ်များကို စီးနင်းထားသည် ။ ကလေးလေး ခုတင်အောက် မှ ထွက်ခဲ့ဖို့ အလိုလို တွန့်သွားသည် ။

"ဒိန်း…"

ဟူသော အသံနက်ကြီးက ပဲ့တင်ထွက်ပေါ်လာသည် ။

ပြီးတော့...ဘုန်းခနဲ တစ်စုံတစ်ရာ မြေပေါ် လဲကျသွားသံ။ ကလေးကြောက်လန့်တကြား ထင်းရှူးသေတ္တာအနောက်ထဲ ပြေးဝင်သွားမိပြန်သည် ။ ပြီးမှ မျက်လုံးလေးဖြင့်သာ အသာအယာ ပြန်ထွက်ကြည့်တော့။

မြေပေါ်မှာ သွေးတွေနှင့်လဲကျနေသော ဖေဖေ။ နဖူးက ပွင့်ထွက်နေသည် ။ ပွင့်ထွက် နေသော နဖူးကျည်ပေါက်ထဲကတပွက်ပွက်နှင့် သွေးပျစ်ပျစ်တွေ မီးတောက်ပွက် နေသည် ။ ပြီးတော့... ဟား... ဟား...ဟူသည့် အသံနက်ကြီးသုံးခု၏ ရယ်သံတွေ ထွက်ပေါ်လာသည် ။ တငီးငီးနှင့် ပြည့်ကြပ်အစ်ထွက်လာသော အသံက မေမေ့မျက်ရည်သံ။

“ရှင်တို့ ဘာလုပ်တာတုံး၊ ဘယ်သူတွေတုံး”

မေမေ့အသံ ကြားနေရသည် ။ ပြီးတော့.... အသံမဆုံးခင် မေမေ မြေမှာ လဲကျသွားသည် ကို ကလေးလေးတွေ့ရသည် ။ မေမေ့ကိုယ်ပေးနင်းလာသည့် ခြေထောက်တွေကို ထပ်တွေ့ရသည် ။ စစ်စိမ်းရောင်နွမ်းစုတ်စုတ်ဘောင်းဘီတွေကနေ ထိုးထွက်လာသည့် ခြေထောက်တွေ။ ခြေထောက် တစ်စုံက ဘောင်းဘီကို ဒူးဆစ်အထိ ခေါက်ကာထားသည် ။ ခြေအိတ်က လျှောကျနေသည် ။ ထိုခြေထောက်က မေမေ့ မျက်နှာကို နင်းနေသည် ။

နောက်...

“ဒိုင်း...”

ကလေးလေး မျက်လုံးကို စုံမှိတ်ပစ်လိုက်သည် ။

ကလေးလေး ခုတင်အောက်က မထွက်ပါ။ ခြေထောက်သုံးစုံအိမ်က

လေးထဲမှာ စားသောက်မွှေနှောက်သံတွေ ကြားရသည် ။ ဖျက်ဆီးသံ၊ ပေါက်ကွဲသံတချို့ ကြားရသည် ။ ပြီးတော့မှ ထွက်သွား ကြသည် ။ သူတို့ ဘာတွေ ယူသွားကြလည်း မသိ။

ကလေးလေးကတော့ ခုတင်အောက်က မထွက်တော့။ မထွက်တော့ပါ။ သူ တကယ်မထွက်ခဲ့ပါ။ တစ်ရက်…နှစ်ရက်…သုံးရက်…။

နှစ်ပေါင်းများ စွာ…ကြာပြီးနောက်…

* * *

(1)

“အလယ်တန်းတုန်းက သူငယ်ချင်းတစ်ယောက်ရှိသည် ။ သူက (၆) ဂဏန်းကို သိပ်ကြောက်တယ်။ သင်္ချာတစ်ပုဒ်တွက်တိုင်း အဖြေထဲမှာ (၆ ) ဂဏန်းပါလာမှာ သူ စိုးရိမ်နေ တတ်တယ်။ ဒါကြောင့်...သူ သင်္ချာဘာသာစာမေးပွဲဖြေတိုင်း အမှတ်နည်းရတယ်။ နောက် တစ်ယောက်လည်း တွေ့ဖူးတယ်။ သူကတော့ ဘဏ်ဝန်ထမ်းတစ်ယောက်။ ငွေလာထုတ်တဲ့ သူတွေနဲ့ နာမည်တွေကို သူ မအော်ရဲဘူး။ ထုတ်ပေးရမယ့် ငွေအဆင်သင့်လည်း ရေ့ရောက်နေပြီ။ လာထုတ်သုကို မှတ်ပုံတင် ပြန်ပေးပြီး လက်မှတ်တစ်ချက်ထိုးခိုင်းလို့ ငွေထုတ်ပေးလိုက်ရုံပဲ။ ဒါပေမယ့် နာမည်အော်ခေါ်ရမည့် အချိန်ဆို သူ ချွေးစေးတွေ ပျံလာတယ်။ ဒါကို သိတဲ့ တခြားတစ်ယောက်က အစားနည်မည် အော်ပေးရတယ်”

စကားခဏရပ်ပြီး ဒေါက်တာမဇော်မြမျိုးသည် လက်ချောင်းဖြူသွယ်သွယ်များ နှင့် ကော်ဖီခွက် ကလေးကို လှုပ်၍ မွှေနေသည် ။ ပြီးလျှင် အညိုရောင်ဆိုးထားသော နှုတ်ခမ်းပြည့်ပြည့် တစ်စုံနှင့် ကော်ဖီကို စမတ်ကျကျ အရသာခံသောက်နေသည် ။

နိုင်ထွေးသည် ထိုဒေါက်တာမလေးထံမှ စကားကို နားစွင့်စောင့်စားရင်း သူမကိုလည်း သူမ မသိအောင် ခပ်စေ့စေ့ ကြည့်နေမိသည် ။

ဒေါက်တာမဇော်မြမျိုးသည် ပိရိချပ်ရသော အနေအထိုင်နှင့်စကားပြောဟန်တို့ ကြောင့် အင်မတန် ကြည့်ကောင်းလှ

သည် ။အသက်သုံးဆယ်တော့ ပြည့်ဟန်မရှိသေးဟု နိုင်ထွေး ထင်သည် ။ သံပုရာရည်ဖန်ခွက်ကိုလက်နှင့် တဖောင်းဖောင်းတောက်ကာ သူမ စကားအဆက်ကို စောင့်နေလိုက်သည် ။

သူမက နှုတ်ခမ်းတစ်ချက် သပ်ပြီးမှ …

“ပြန်စဉ်းစားကြည့်တော့ ငယ်ငယ်က School Phobia လို့ ခေါ်တဲ့ ကျောင်း ကြောက်ရောဂါ ဖြစ်တဲ့ သူတွေနဲ့ လည်း အများ အပြားကြုံခဲ့ဖူးတာကို ပြန်တွေ့ရတယ်။ ဒါကြောင့် ကျောင်းပြေးတဲ့ ကျောင်းသားလေးတွေတိုင်းကို အပျက်အစီးစာရင်းထဲ မထည့်ချင်ဘူး။ တချို့မှာ စိတ်မှာ အနာဖြစ် နေတဲ့ စိတ်အနာရောဂါလေးတွေ ရှိနေတယ်”

“ဟုတ်မယ်…ဆက်ပြောပါဦး…ဒေါက်တာ”

နိုင်ထွေးက စိတ်ဝင်စားစွာ စကားထောက်သည် ။ သူမက ဆက်ပြီး …

“ဟစ်တီးရီးယား (Gysteria) လို့ ခေါ်တဲ့ တစ်စုံတစ်ခုကို ရယူလိုစိတ်ပြင်းတာကနေ ဖြစ်သွားတဲ့ အရာတွေလည်း အများကြီးပဲ။ စကားမပြောတာတို့ ၊ အသံမထွက်တာတို့ ၊ ဆွံ့အနား မကြားတာတို့ (Deaf and Dump)၊ ဘဝမေ့တာတို့ အစုံပါပဲ။ တကယ်တော့ လူတိုင်းမှာ ရှိနေတာပါပဲ။ အဲဒီ စိတ်ရောဂါဆိုတဲ့ စိတ်ထဲမှာ ဖြစ်နေတဲ့ ရောဂါကလေ”

“ဒီဘက်ခေတ်မှာ ကော ဘယ်လိုစိတ်ရောဂါမျိုး အများ ဆုံးတွေ့ရလဲ …ဒေါက်တာ”

“အင်း…(Social Phobia) ဖြစ်မယ် ထင်တယ်ရှင့်။ လူမှုရေး အကြောက်လွန်ရောဂါပေ့ါ။ ဘာလို့ လဲဆိုတော့ ခေတ်တွေပြောင်းလာတာနဲ့ အညီ လူတွေကလည်း ပြောင်းလဲလာရတယ်။ အမီပြောင်းလဲမလိုက်ပါနိုင်

တဲ့ လူတွေကတော့ သူတို့ ကိုယ်သူတို့ လူအဖွဲ့အစည်းစံတွေနဲ့ ကျန်ခဲ့ပြီလား။ နောက်ကျခဲ့ပြီလားဟု ဆိုပြီး အဲဒီ အတွေးတွေနဲ့ အကြောက်လွန်ကုန်ကြတယ်။ ဥပမာအားဖြင့် လူအများ ရှေ့ စကားထွက်မပြောရဲတာတွေ၊ အိမ်ကြီးအိမ်ကောင်းတွေဆီ ဧည့်သည် အဖြစ် သွားတိုင်း ဘယ်တော့မှ ပုံမှန်ပုံစံမရတာ စသဖြင့်ပေ့ါ”

“အင်း”

“အဟင်း…ရှင်က ကျွန်မပဲမေးနေတာ။ ရှင့်လည်း မေးရဦးမယ်။ ရှင်ကော ဘာတွေကို ကြောက်တတ်လဲ”

ရယ်ဟပ မေးလိုက်သည့် ဒေါက်တာမဇော်မြမျိုး နှုတ်ခမ်းက အရောင်တစ်ပွင့်လက်သွား သည် ဟု သူ ထင်သည် ။

“ကျွန်တော်ပြောရင် ဒေါက်တာ မရယ်နဲ့ နော်”

“အာမ မခံဘူး၊ ကျွန်မက အရယ်သန်တယ်”

“အဟား…ဒါဆို မပြော…”

“စတာပါ၊ ပြောပါ…ကိုနိုင်ထွေးရဲ့ …”

နိုင်ထွေး ခေါင်းတစ်ချက်ရမ်းကာကိုယ့်ဘာသာ ရယ်မိပြီးမှ …

“ကျွန်တော် မိန်းကလေးတွေကို ကြောက်တယ်။ ဒါပေမယ့်…ဒါရောဂါမျိုးအထိတော့ မဟုတ်လောက်ပါဘူး”

“အကြောင်းအရင်းတော့ ရှိဦးမှာ ပေ့ါ”

“အဟဲ…ကျွန်တော် ဆယ်တန်းတုန်းက ကောင်မလေးတစ်ယောက်ကို ရည်းစားစာပေးရင်း အသံထွက်လေလည့်လိုက်မိတယ်။ အသံကလည်း ပီပီသသကို ဘူခနဲပဲ။ အဲဒီ ကတည်းက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု

ပပျောက်သွားတာ။ တကယ်ဘူကန်ပါတယ်”

နှုတ်ခမ်းကို လက်ဖြင့် အုပ်ကာ ဒေါက်တာမေဇော်မျိုး ခေါင်းမော့ရယ်တော့သည် ။ တော်တော်လေး ကြာအောင်ရယ်ပြီးမှ ...

“(Femal Phobia) လို့ ခေါ်တဲ့ မိန်းမပျိုလေးတွေကို ကြောက်တဲ့ အမျိုးအစားပေါ့ရှင့်။ ဒါပေမယ့်...ကိုနိုင်ထွေးက ရောဂါလို့ ကြောက်တဲ့ အမျိုးအစားပေါ့ရှင့်။ ဒါပေမယ့်...ကိုနိုင်ထွေးက ရောဂါလို့ ဆိုရအောင် အထိမဟုတ်သေးပါဘူး။ သာမန်ပါပဲ။ တကယ်တော့ ကျွန်မမှာ လည်း အဲဒီ လို သာမန်ကြောက်တတ်သွားတဲ့ အစွဲလေးတွေတော့ ရှိတာပါပဲ။ အနီရောင်ဒေါက်ဖိနပ် စီးမိတဲ့ တစ်ခါတုန်းက ကျွန်မ စက်လှေကားတစ်ခုမှာ အရှက်ကွဲဖူးသေးတယ်။ အဲဒီ ကတည်းက အနီရောင်ဒေါက်ဖိနပ် မစီးရဲတော့ဘူး”

အရောင်နဲ့ တော့ ဘာမှ မဆိုင်ပေမယ့် အဲဒီ လိုပဲ စိတ်စွဲမိသွားတာမျိုးပေါ့။ ဒါပေမယ့်... အသေးအဖွဲလေးတွေမျိုးမို့ ယုံကြည်မှုပြန်ရရင် အိုခေသွားမှာ ပါ။ အဟင်း...ကိုနိုင်ထွေးရဲ့ မိန်းကလေးတွေ ကြောက်တာလည်း အဆင်ပြေသွားမှာ ပါ။ ကြိုးစားပြီး ပြန်အားထုတ်ကြည့်ပါ။

“Thanks ဒေါက်တာ”

“ကျွန်မတို့ စိတ်ပညာမှာ သတ်မှတ်ထားပါတယ်။ သာမန် ဆိုရင်တော့ သဘာဝလို့ ခေါ်ဝေါ်ပြီး သာမန်ထက် လွန်သွားမှ ရောဂါလို့ ခေါ်ဝေါ်ရမှာ ပါ”

နိုင်ထွေး ခေါင်းတညိတ်ညိတ်နှင့် မှတ်သားလိုက်သည် ။ ပြီးမှ ...

“ဒါဆို...အခု ကျွန်တော့်သူငယ်ချင်းကကော ဘယ်လို ရောဂါအမျိုး

အစားဖြစ်မလဲ ဒေါက်တာ”

ဒေါက်တာ မေဇော်မြမျိုး မျက်နှာတည်ကြည်သွားသည် ။ အာရုံထဲမှာ လူတစ်ယောက်၏ သွင်ပြင်က ပီပီပြင်ပြင် မြင်ယောင်ပုံပေါ်လာသည် ။ မြင်ယောင်ရင်းပင် နှုတ်မှ တစ်ခွန်းချင်း ပီသစွာ ပြောထွက်လာသည် ။

“A g o ra p h o b i a...”

* * *

(2)

ကျယ်ပြန့်သော ခေါင်မိုးရောင်စုံများ ၊ သန့်ရှင်းတောက်ပသော သီးသန့်ခြံများ နှင့် ဖွဲ့စည်း ထားသော ရပ်ကွက်တစ်ခုရှိ အဖြူရောင်နှစ်ထပ်တိုက်အိမ်တစ်လုံး။

အခန်းဖွဲ့စည်းမှုများ သည် အရှေ့နှင့်အနောက်တွင် ဂရန်တာရှိသည် ။ ခြံဝန်းကလည်း အတန်ငယ်ကျယ်သည် ။ ခြံရှေ့တွင် ရေတံခွန် ကျောက်သားတုများ နှင့်လုပ်ထားသော ရေကန်ငယ် တစ်ခု၊ မြက်ခင်း၊ ပန်းပင်များ နှင့် ခြံဝင်ပေါက်နားတွင် မာလကာပင်တချို့ရှိသည် ။ အနောက်ဘက် တွင် ဂိုဒေါင်တစ်လုံးနှင့် တခြားသစ်ပင်တွေရှိသည် ။ မြက်ခင်းပြင်နှင့် အပင်ခြေရင်း များမှ လွဲ၍ မြေပြင်အနှံ့ ကျောက်သားကြွေပြားတွေ တောက်ပသပ်ရပ်စွာ ခင်းကပ်ထားသည် ။ ထူးဆန်းသည့် အချက်တစ်ချက်ကိုတော့ သေချာကြည့်မှ မြင်နိုင်မည်။ ထိုအချက်ကတော့ ထိုအိမ်ရှိ ပြတင်းပေါက်များအားလုံး ပိတ်ထားခြင်းနှင့် အမြဲလိုက်ကာရှည်ကြီးများ ဖုံးပိတ်ချထားခြင်းတို့ ဖြစ်ပေသည် ။

ထိုအိမ်သည် အိမ်သားများများ မိသားစုတစ်စု (သို့မဟုတ်)လူရှစ်ယောက်လောက် ကောင်းကောင်း နေ၍ ရအောင် ကျယ်ဝန်းသည် ။ သို့သော်...ထိုအိမ်တွင် နေသည့်သူက တစ်ယောက် တည်းသာ။

ယခု အခန်းတစ်ခုရှေ့တွင် ရောက်နေသည် ။ လင်းလက်နေသော ကျွန်းသစ်တံခါးတွင် သူ့အရိပ်ကို သူ ပြန်မြင်ရသေးသည် ။ တံခါးလက်

ကိုင်ဘုကို လှည့်ဖွင့်လိုက်တော့ အခန်းထဲတွင် ရှိနေသည် ။က…။

မြေကြီးတွေ၊ ထိုအခန်းပြည့်မြေကြီးတွေ ခင်းထားသည် ။ ကေ (၂၀) ပတ်လည်ခန့်ရှိသော ထိုအခန်းထဲတွင် မြေကြီးတွေခင်းကျင်ထည့်ထားသည် ။ ဒါဘာသဘောလဲ။ သန့်ရှင်းသော အဖြူရောင်ကြွေသားပြည့်အခန်းထဲမှာ ဒီမြေကြီးတွေက ဘာကြောင့်ရောက်ရှိနေတာလဲ။

သူ အခန်းထဲဝင်ခဲ့သည် ။ မြေသားတွေပေါ် ခြေဖဝါးဖြင့် သူနင်းလိုက်သည် ။ ပြီးတော့… ထိုမြေသားများ ပေါ် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်သည် ။ နေရောက်ဝါဝါ ဖြာကျ နေသော လိုက်ကာနားသို့သွားကာ အသက်ရှူလေ့ကျင့်ခန်းလုပ်လိုက်သေးသည် ။ ထိုသို့ လေ့ကျင့်ခန်းလုပ်လိုက်၊ လမ်းလျှောက်လိုက်ဖြင့် အကြိမ်ကြာကြာလုပ်ပြီးမှ သူ ပြန်ထွက်ခဲ့သည် ။

ရေချိုးခန်းထဲ ဝင်ခဲ့သည် ။ အပေ့ါအပါးသွားသည် ။ သွားတိုက်မျက်နှာသစ်သည် ။ ကြည့်မှန်ထဲတွင် သူ့ရုပ်ပုံသည် နဖူးက လေးထောင့်စက်စက်ကျယ်နေသည် ။ နှာခေါင်းရိုးက တိကျခိုင်မာစွာ လျှောဆင်းနေသည် ။ မျက်ခုံးထူထူများက ဆီဆွတ်ထားသော ခူကောင်လို မည်းနက်တောက်ပနေသည် ။ နှုတ်ခမ်းအစုံက မထူမပါးဖြစ်ကာ မေးစေ့ကဝိုင်းနေသည် ။ နေမထိ လေမထိနှစ်များကြောင့် သူ့အသားအရေးက ယောက်ျားတန်မဲ့ နုနယ်၍ နေသည် ။ လွန်ခဲ့သော နှစ်လခန့်က သူ့အသက် (၂၇)ပြည့်ခဲ့ပြီ။

“ထွီ…”

သွားတိုက်ဆေးအမြှုပ်တွေကို ထွေးထုတ်လိုက်သည် ။ ရေပိုက်ခေါင်းကို လှည့်လိုက်သည် ။ ပလုတ်သုံးလေးခါကျင်း၊ မျက်နှာဂရုတစိုက်သစ်ပြီး အစိမ်းနုရောင်သဘက်ကို ပခုံးပေါ်တိုင်လို့ သူ့ဧည့်ခန်း

ဘက်ပြန်ထွက်လာသည် ။

နံနက်စာကို အခးဘက်များ သည့် ကော်ဖီတစ်ခွက်ဖျော်၊ ကြက်ဥချောင်းနှစ်ချောင်း၊ ကြက်ဥတစ်လုံးကြော်၊ ပေါင်မုန့်ကို ကိုယ့်ဘာသာမီးကင်ပြီး နံနနက်စာစားလိုက်သည် ။ နံနက်စာ စားရင်းလည်း သူစာဖတ်နေသည် ။ မူရာကာမိ၏ (Norwegian Wood) ကိုဆရာမိုးသက်ဟန် ပြန်ထားသည့်“နော်ဝေတောအုပ်” ။ သူသည် ဝတ္ထုကိုဖတ်တာသုံးကြိမ်ရှိပြီဖြစ်သည် ။ ဝတ္ထုထဲတွင် သူ့သူငယ်ချင်းတွေ ပါနေသလို (ဒါမှ မဟုတ် သူ ကိုယ်တိုင်ပါနေသလို) သူ ခံစားနေရသည် ။ အပြင်ကမ္ဘာတွင် တော့ သူ့အတွက် သူငယ်ချင်းတစ်ယောက်တည်းသာ ရှိပါသည် ။

နံနက်စာ စားပြီးသောအခါ ဧည့်ခန်းထောင့်ရှိ လိုက်ကာကန့်လန့်ကာကို သွားဆွဲဖွင့်ကာ နေရောင်များများ ဝင်စေလိုက်သည် ။ ကိုယ့်စိတ်ကြိုက် အလင်းရောင်ရသော နေရာကိုရွေး၍ ပန်းချီဒေါက်တိုင်တစ်ခု ထောင်ကာ ဆီဆေးဖြင့် ပန်းချီကားတစ်ချပ်ကို စိတ်လိုလက်ရရေးဆွဲနေသေတော့သည် ။ ပန်းချီကားထဲ အရောင်တွေမျိုးစုံ ပေါင်းစပ်သွားသည် ။ တချို့ အရောင်တွေက အချင်းချင်းပေါင်းစပ်ပြီး အေးချမ်းသွားသလို၊ တချို့အရောင်တွေက ပေါင်းစပ်မိ သောအခါ ပြင်းပြင်းထန်းထန်ထန် တွန်းကန်နေကြသည် ။ ပုံသဏ္ဍာန်တစ်ခု အတည်တကျ အပီအသမရှိသော ဒြပ်မဲ့ပန်းချီကားတစ်ချပ်။

သူ နေ့လည်ရောက်သည် အထိ ပန်းချီကားရှေ့မှာ ပဲ အချိန်ဖြုန်းပစ်သည် ။

နေ့လယ်စာစားရန် အချိန်ရောက်တော့ ခေါက်ဆွဲထုပ်ဖောက်သောက်ရမှာ သူ ပျင်းရိမိသည် ။ ရေခဲသေတ္တာထဲတွင် အသားတွေရှိသေးသော်လည်း ယခု အသားစားချင်စိတ်မရှိ။ ဖုန်းစင်၏ ရှေ့တွင် တော့ Me

nu ပုံစံ ကတ်ပြားတစ်ခုရှိသည် ။ ထိုကတ်ပြားထဲတွင် သူ့အိမ်နှင့် အနီးဆုံးဈေးဆိုင်များ ၏ ဖုန်းနံပါတ်များ ရှိသည် ။ ထမင်းဆိုင်၊ စတိုးဆိုင်၊ စာအုပ်ဆိုင်၊ ယမကာဆိုင် စသဖြင့် အစုံရှိသည် ။ သူ့အိမ်မှာ ရှိသည့် အရာတစ်ခုခုမစားချင်ရင် ဖုန်းဆက်မှာ လို့ ရသည် ။ သို့သော်…သူ တစ်ခါမျှ ထိုဖုန်းနံပါတ်များကို နှိပ်ဖူးခြင်းမရှိပါ။ သူ ကမ္ဘာပေါ်တွင် ဖုန်းနံပါတ်တစ်ခုတည်းသာ နှိပ်ဖူးသည် ။

သူခေါက်ဆွဲကို အသီးအရွက်တွေ ရောင်စုံထည့်ကာ ပြုတ်လိုက်သည် ။ ခေါက်ဆွဲ စားနေစဉ်အတွင်း ပြင်သစ်တော်လှန်ရေးအကြောင်းဆိုထားသည့် သီချင်းတစ်ပုဒ်ကိုလည်း ဖွင့်၍ နားထောင်နေသေးသည် ။ ထိုသီချင်းကိုတော့ ဖုန်းနှင့်ဖွင့်ထားခြင်းဖြစ်သည် ။

သူ့အိမ်အပြင်ဘက်တွင် တော့ လူတွေ ဥဒဟိုသွားလာနေကြလိမ့်မည်။ တစ်ဦးနှင့်တစ်ဦး စကားတွေ ပြောကြ၊ ရယ်ကြ၊ မဲ့ကြ၊ ပန်းခြံထဲမှာ ချစ်သူတွေ၊ ဘတ်စ်ကားတွေပေါ်မှာ ခရီးသည် တွေ၊ မြို့တော်ခန်းမရှေ့မှာ ဆန္ဒပြသူတွေ၊ မြို့စွန်ရပ်ကွက်လေးမှာ ဆာလောင်နေတဲ့ ကလေးငယ်တွေ ကလပ်ထဲမှာ အရက်ငှဲ့နေသူတွေ စသဖြင့် ရှိနေကြသည် ။ အရောင်စုံ အလှစုံ၊ နေရာစုံ။

သူကတော့ ထိုအရာတွေနှင့် ဘာမှ မဆိုင်သူတစ်ယောက်လို။ အိမ်ထဲတွင် ပဲ အသက်ရှင်မှု အတွက် ပစ္စည်းအပြည့်အစုံနှင့် ရှိနေရသည် ။ အလုံပိတ်ရဲတိုက်ထဲမှာ နေနေရသော မင်းသား တစ်ပါးလား။ ဒါမှ မဟုတ် အတောင်ညှပ်ခံထားရသော ရွှေလှောင်အိမ်ထဲက ငှက်ငယ် တစ်ကောင်လား။ သေချာတာတော့ သူ တစ်နေ့ပြီး တစ်နေ့ အစီအစဉ်မကျ ဖြတ်သန်း နေရသော လူနာတစ်ယောက်သာ။

သူ စာဖတ်ရတာ ငြီးငွေ့လာတော့ စန္ဒယားခုံဆီသွားလိုက်သည် ။ စ

န္ဒယားကို အဖုံးဖွင့်ကာ စန္ဒယားခလုတ်များ အပေါ် လက်ချောင်းတွေတင်လိုက်သည်။ ပြီးလျှင်...ညင်သာစွာ ဖိနှိပ်လိုက် တော့သည်။

"တန်...တန်...တန်...တန်..."

တီးလုံးက အနည်းငယ်မြန်ဆန်လာသည် ။ ခဏကြာပြီးတော့ အနည်းငယ် ပိုမြန်ဆန် လာသည် ။ နောက်ထပ် အမြန်ဆုံးဖြစ်လာသည် ။ ထိုအခါမှ သူ လက်ချောင်းတွေကို ရုတ်တရက်ရပ်တန့်ပစ်လိုက်သည် ။ သူ အနည်းငယ်မောသွားဟန်တူသည် ။ ပဝါနှင့်နဖူးက ချွေးတွေသုတ်တာ စန္ဒရားခလုတ်တွေပေါ်ပဲ သူ့ခေါင်းနှင့်လက်ကိုတင်ကာ မိန်းမောလိုက်သည်။

ထိုသို့ စန္ဒရားခလုတ်ကို ခေါင်းအုံးရတာ သူ နှစ်သက်သည်။ ထိုအခိုက် သူ့အာရုံထဲ အသံတစ်သံ တိုးဝှေ့လာသလို ကြားမိသည်။ သတ္တဝါတစ်ကောင်၏ ရင်ခေါင်းသံလိုမျိုး။ ဖျပ်ခနဲ သူ မျက်ခွံကိုဖွင့်လိုက်သည်။

သူ့မျက်စိရှေ့တွင် ရောက်နေသည် က ဘီလူးတစ်ကောင်၊ အစိမ်းရောင်ဘီလူးတစ်ကောင်။ သံလျက်ကို ငွားငွားစွင့်စွင့်ကိုင်လျက် ခေါင်းမော့ရင်ကော့နေသည်။

"ဟား...ဟား...ဟား...ဟား"

သူဆတ်ခနဲခါးမတ်သွားသည်။ ချောက်ချားစိတ်ဖြင့် ချွေးတွေ မြန်မြန်စိမ့်ထွက်ကာ နားထင်မွေးတွေပင် ဆန့်တန်းလာသည်။

"ခင်...ခင်ဗျား...ဘာလုပ်မလို့ လဲ"

"ဟား...ဟား...ဟား"

ဘီလူးက ရယ်မောလျက် တရွေ့ရွေ့ ရှေ့တိုးလာသည် ။ အစိမ်းရောင်တောက်နေသော ဘီလူး၏ အဝတ်အစားတွေက သူ့ကို မျက်စိကျိန်းစေ

သည် ။ ထိုအရောင်စူးစူးများကို လက်နှင့်ကာ၍ သူ နောက်ဆုတ်မိတော့သည် ။

ဘီလူးက လျင်မြန်စွာအဟုန်နှင့်ပြေး လာပြီး ခြေထောက်ကို မြှောက်ကာ သူ့မျက်နှာကို ဖနောင့်ဖြင့် ပေါက်ချလိုက်သည် ။

"အား..."

သူ့ ကျယ်လောင်စွာအော်ပစ်လိုက်သည် ။ သူ ကြောက်အားလန့်အား လက်ဖြင့် ပုတ်ချလိုက် သဖြင့် ဂွမ်းခနဲ စန္ဒရားသံကြောင်ကလည်း ရှည်လျားတုန်ခါသွားသည် ။

သူ့ရှေ့တွင် မည်သည့် ဘီလူးမှ မရှိ။ ဒီတော့မှ သူ ခဏအိပ်ပျော်သွားပြီး ထိုအခိုက်အတွင်း အိပ်မက်မက်နေခြင်းဖြစ်ကြောင်း သိလိုက်သည် ။

သူ ချက်ချင်းပိုနီးသည့် ဟန်းဖုန်းဆီပြေးသည် ။သူ တစ်ခုတည်းသော နှိပ်တက်သည့် ဖုန်းနံပါတ်ကို နှိပ်လိုက်သည် ။ ချက်ချင်းတန်းဝင်သွားသည် ။

"ဟဲလို...နိုင်ထွေးလား"

ဟိုဘက်က နိုင်ထွေးကလည်း တန်းပြောသည် ။

"အေး...ပြော၊ စိုင်းမင်း။ မင်းဟိုလို အိပ်မက်မျိုး ထပ်မက်ပြန်ပြီလား"

နိုင်ထွေးက သူ ဖုန်းဆက်တာနှင့် ဘာဖြစ်မှန်းသိနေချေပြီ။ သူ လေးပင်စွာ ဖြေလိုက်သည် ။

"အင်း"

“ဘာမှ စိတ်မပူနဲ့ ။ စိတ်အေးအေးထား။ ဒေါက်တာ မေဇော် မြမျိုး ပေးတဲ့ ဆေးတွေ သောက်ထားလိုက်။ ကုမ္ပဏီက meeting ပြီးတာနဲ့ ငါ မင်းအိမ်လာခဲ့မယ်”

“အေး…ငါ စောင့်နေမယ်”

***

သူ့ရောဂါက ‘ Agoraphobia’ လို့ ခေါ်တဲ့ ဟင်းလင်းပြင် အကြောက်လွန်ရောဂါပါ။

သူ အပြင်မထွက်ရဲဘူး။

* * *